ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံ့ခင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)




## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

အလယ်ရွာ၊ကြပ်ကလေးကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံ့ခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီ မြစ်
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကြောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ




ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြပ်ကလေးကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြပ်ကလေး ကျေးရွာ

၂. အလယ်ရွာ

၃. ချောင်းဖျား ကျေးရွာ

၄. ရှမ်းတောကြီးကျေးရွာ

၅. စမ်းကြီးကျေးရွာ

ကြပ်ကလေးးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့်
ပါဝင်ဖွဲ့စည်းထားပါသည်။

၄။ ကျေးရွာအခြေခံ အချက်အလက်များ

အလယ်ရွာကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြပ်ကလေးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကြံခင်းမြို့၏ မြောက်ဘက်၊ ကြံခင်း - အကောက် တောင် လမ်းနံဘေးတွင် တည်ရှိသည်။ အလယ်ရွာ၏ မြောက်ဘက်တွင် ချောင်းဖျားကျေးရွာ နှင့် အရှေ့ဘက်တွင် ကြပ်ကလေးကျေးရွာ တည်ရှိသည်။ ရွာ၏ တည်ရှိပုံမှာ ရွာတန်းရှည်အမျိုးအစားဖြစ်၍ တောင်နှင့်မြောက် သွယ်တန်းလျှက်ရှိသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများ၊ တောင်ကုန်းများရှိပြီး အနောက်ဘက်တွင် ချောင်းငယ်တစ်ခုသည် ရွာ၏နံဘေးမှ ဖြတ်သန်းစီးဆင်းလျှက်ရှိသည်။ အဓိကအားဖြင့် လယ်ယာစိုက် ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း ကျဘမ်းလုပ်ကိုင်သူများလည်း အများအပြားရှိသည်။ မြန်မာလူမျိုးများသာနေထိုင်ကြ၍ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။

အလယ်ရွာတွင် ဘာသာရေးအဆောက်အဦးနှင့်ပတ်သက်၍ မည်သည့်အဆောက်အဦးမျှ မရှိပေ။ ကလေးငယ်များ၏ ပညာရေးအတွက်လည်း ရွာတွင်စာသင်ကျောင်းမရှိသေးသဖြင့် အခြားကျေး ရွာများတွင်သာ သွားရောက်ပညာသင်ယူကြရသည်။ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ဆေးပေးခန်း ကဲ့သို့သော ကျန်းမာရေးအထောက်အကူများမရှိသေးသဖြင့် အခြားကျေးရွာများသို့သွားရောက်၍သာ ဆေးကုသမှု ခံယူကြရသည်။

သောက်သုံးရေရှားပါး၍ ရေတွင်း၊ ရေစက်ရုံ နှင့် ရေစင်တို့ကို 2016 ခုနှစ် (ပထမနှစ်စက်ဝန်း) တွင် လူထုဗဟိုပြုစီမံကိန်း၏ပံ့ပိုးမှုဖြင့် ကျေးရွာလူထုမှ တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ကြသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း
လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 11-12-2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 5 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 11-12-2016 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 11-12-2016 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 6 | 5 | 11 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနူန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 11-12-2016 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 8 | 5 | 13 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | 11-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်အသုံးချနိုင်မှု၊လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | 11-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 5 | 9 | -အရင်းမြစ်များပေါ်တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ<br>(Problem) | 12-12-2016 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | 12-12-2016 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | 12-12-2016 | ကော်မတီဂင်များ၊ရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | | | | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (က) လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**


- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- သောက်သုံးရေမိုးတွင်းချိန်သာဖူလုံပြီး နွေရာသီတွင်ရေခက်ခဲမှုရှိသည်။ သို့အတွက် လူထုဗဟိုပြုစီမံကိန်းမှ ရေစင်၊ ရေတွင်း၊ ရေစက်ရုံ၊ ရေပိုက်လိုင်းသွယ်တန်းခြင်းကို ( ၂၀၁၆ )ခုနှစ်ပထမနှစ် စက်ဝန်းအတွင်းကျေးရွာနှင့်ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါ သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှုဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စား လုပ်သားများ ဖြစ်ကြသည်။
- ကြပ်ကလေးကျေးရွာနှင့် ချောင်းဖျားကျေးရွာ နှစ်ရွာအကြားတွင် တည်ရှိသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ် ကြသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်**

- ရွာတွင်းလမ်း
- ရွာချင်းဆက်လမ်း
- ဆိုလာမီး/အင်ဂျင်မီး
- မြေထိန်းနံရံ
- စာကြည့်တိုက်
- ဆေးပေးခန်း
- အစည်းအဝေးခန်းမ
- ဝင်ငွေတိုးလုပ်ငန်းများ
  - ကြက်၊ ဝက် မွေးမြူရေး
  - စိုက်ပျိုးရေးအတွက်ချေးငွေ

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ခ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်





လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာခနေကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စု များသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၁၈) ပါဝင်သည်။
- နွမ်းပါးသောအကြောင်းအရင်းများမှာ ကျပန်းလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများ နှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကို ဦးစား ပေး စဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးလုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခများရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (၁)ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။




ရာသီခွင်ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊ ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ။ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေး ဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စပိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ဃ) ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်


## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဂင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဂင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်





အရင်းအမြစ်များအပေါ် အသုံးပြုမှု/ထိန်းချုပ်မှု


**ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ မီးပူ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။


လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။




အခက်အခဲ ပြဿနာများ

## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ အလုပ်အကိုင်ရှားပါးခြင်း၊ ပညာရေး အားနည်းခြင်း၊ ကျန်းမာရေးတွက် အခက်အခဲရှိခြင်း၊ မြေနေရာရှားပါးသော အခက်အခဲ၊ ရာသီဥတု ဖောက်ပြန်၍ သီးနှံအထွက်နည်းခြင်းစသည်တို့ကို အမျိုးသားများဘက်မှ တင်ပြဆွေးနွေး ကြသည်။

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ အလုပ်အကိုင်ရှားပါးခြင်း အခက်အခဲ၊ ပညာရေး အားနည်းခြင်း အခက်အခဲ၊ ကျန်းမာရေးအားနည်းခြင်းအခက်အခဲ၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အိမ်ရာမြေရှားပါးခြင်း အခက်အခဲ၊ ရာသီဥတုဖောက်ပြန်ခြင်း စသည်တို့ကို အမျိုးသမီးများ ဘက်မှ တင်ပြဆွေးနွေးကြသည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့်တူညီ နေကြသည်။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြား အခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ် နိုင်ခဲ့ကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ဇ)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။




ကျေးရွာမျှော်မှန်းချက်များ

ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် မျှော်မှန်းထားကြသည်။ ထို့အပြင်၄င်းတို့သည် အစည်းအဝေးခန်းမ ဆောက်လုပ်နိုင်ရေး၊ ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊တစ်ရွာလုံး လျှပ်စစ်မီးလင်းရေး စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံး လျှပ်စစ်မီးလင်းနိုင်ရေး စသည်ဖြင့် မျှော်မှန်း ထားကြသည်။ ထို့အပြင် အမျိုးသမီးများသည် စာသင်ကျောင်းဆောက်လုပ်နိုင်ရန်၊ စက်မှုလယ်ယာ ထွန်းကားရန်၊ ရွာတွင် စုံလင်စွာရရှိနိုင်သော ဈေးတန်းလေးရှိရန် မျှော်မှန်းထားကြသည်။


အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်း မှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူညီသော အိမ်တွင်းမှုနှင့်ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုးသမီးများက မျှော်မှန်းထား ကြသည်။


အမျိုးသမီးများသည် ၄င်းတို့ကျေးရွာတွင် စုံလင်စွာရရှိနိုင်သောဈေးတန်းရှိလျှင် ဈေးရောင်း ခြင်းဖြင့် အမျိုးသမီးများ လည်း ဝင်ငွေရရှိနိုင်မည်။ မြို့ပေါ်သို့ဈေးဝယ်သွားရန် အချိန်မကုန်တော့သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၄င်းတို့ အမျိုးသမီးများလည်း ပါဝင်လုပ်ဆောင်နိုင်မည်။ စသည့်တို့ကြောင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်စုံလင်စွာ ရရှိနိုင်သော ဈေးတန်းလေးရှိရန် မျှော်မှန်းထား ကြခြင်း ဖြစ်ပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်

<u>(စျ)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။</u>




ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလိုအပ်ချက်များ

## ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများ( ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက် )

ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ အပြန်အလှန်သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်များကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ခြုံငုံသုံးသပ်ခဲ့ကြသည်။

အမျိုးသားများအဆိုပြုသော လုပ်ငန်များ

- ရွာချင်းဆက် ချောင်းကျောက်လမ်း
- ရွာတွင်းချောင်းကျောက်လမ်း
- မြေထိန်းနံရံ
- စိုက်ပျိုးရေးအတွက် ချေးငွေ
- ဆေးပေးခန်း ဆောက်လုပ်ရန်


အမျိုးသမီးများအဆိုပြုသော လုပ်ငန်းများ

- ရွာတွင်းချောင်းကျောက်လမ်း
- ဆိုလာမီး
- ဆေးပေးခန်းဆောက်လုပ်ရန်
- စာသင်ကျောင်း ဆောက်လုပ်ရန်
- အစည်းအဝေးခန်းမ
- အိမ်ခြံမြေများ ချထားပေးရန်
- ဝက်မွေးမြူရေး

အမျိုးသားနှင့်အမျိုးသမီး အဆိုပြုသောလုပ်ငန်းများ အများအားဖြင့် တူညီကြသည်။ ရွာတွင်းချောင်းကျောက်လမ်းလုပ်ငန်းမှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး ဆန္ဒပြင်းပြကြသည်။ ရွာတွင်းရွာပြင်လမ်းများကောင်းမွန်ပါက ကျောင်းသားများသွားလာရေး လွယ်ကူနိုင်မည်။ ဒေသထွက်သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေးအဆင်ပြေ နိုင်မည်။စီးပွားရေးအဆင်ပြေလျှင် ကျေးရွာဖွံ့ဖြိုးရေးကိုလည်း စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်ကြလိမ့်မည်။

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ည)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။


ကြာပင်ကလေးအုပ်စု

အုံလယ်ရွာ ဦးစားပေးလုပ်ငန်းများ

ရက်စွဲ - ၁၂.၁၂.၂၀၁၆

| လုပ်ငန်း အမည် | အဆိုပြုသူ ကျား + မ | ကျား မဲရလဒ် | မ မဲရလဒ် | အကျိုးခံစားခွင့် ရှိသူဦးရေ | ဦးစားပေး အဆင့် |
|---|---|---|---|---|---|
| ရွာတွင်းချောင်းကျောက်လမ်း | ကျား + မ | ၉ | ၁၀ | ၁၅၄ ဦး | ၁ |
| ရွာချင်းဆက် ချောင်းကျောက်လမ်း | ကျား | ၉ | ၄ | ၄၇၇ ဦး | ၂ |
| ဆိုလာမီး / အင်ဂျင်မီး | မ | ၀ | ၅ | ၁၅၄ ဦး | ၃ |
| မြေထိန်းနံရံ | ကျား | ၂ | ၀ | ၁၅၄ ဦး | ၄ |
| အစည်းအဝေး ခန်းမ | မ | ၀ | ၁ | ၁၅၄ ဦး | ၅ |

ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြပ်ကလေးအုပ်စု၊ အလယ်ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာတွင်းချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး ရွာချင်းဆက်ချောင်းကျောက်လမ်းလုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ဆိုလာမီး/အင်ဂျင်မီး လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် မြေထိန်းနံရံလုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ အစည်းအဝေးခန်းမအား ဦးစားပေး(၅) အဖြစ် လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဖြစ်သည်။ လမ်းများ ကောင်းမွန်ပါက ကျေးရွာလူထုအားလုံး သွားလာရေးအဆင်ပြေနိုင်မည်။ ကျောင်းသားများလည်း အဆင်ပြေနိုင်မည်။ သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေအဆင်ပြေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင် ပေလိမ့်မည်။

အလယ်ရွာ၏ အနောက်မြောက်ဘက်ရှိ ချောင်းဖျားကျေးရွာသည် အခြားကျေးရွာများနှင့် ဆက်သွယ်ရာတွင် အလယ်ရွာ၏ရွာတွင်းလမ်းမှ ဖြတ်သန်းသွားလာကြရသည်။ သို့အတွက် အလယ်ရွာ၏ ဦးစားပေး(၁)ဖြစ်သော ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းသည် ထိုကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများသာမက အခြားကျေးရွာများအတွက်ပါ အကျိုးပြုနိုင် ပေလိမ့်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးဝင်းလှိုင် | 09250740690 |
| | | ဥက္ကဋ္ဌ | ဒေါ်မိုးအေး | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝင်းမာခိုင် | |
| | | အဖွဲ့ဝင် | ဦးသက်မောင်မောင် | |
| | | အဖွဲ့ဝင် | ဦးနေလင်းအောင် | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိန်ထွန်း | |
| | | အဖွဲ့ဝင် | ဦးခင်မောင်ရွှေ | |
| | | အဖွဲ့ဝင် | ဒေါ်ခိုင်သဇင်ထွန်း | |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်း ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်မာညို | |
| | | အဖွဲ့ဝင် | ဦးဝင်းထိန် | |
| | | အဖွဲ့ဝင် | ဦးဝင်းရွှေ | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးစိုးကြည် | |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး | အဖွဲ့ဝင် | ဦးလှိုင်ကြည် | |
| | | အဖွဲ့ဝင် | ဒေါ်အုန်းသွင် | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဖော်ဖြိုးအောင် | |
| | | အဖွဲ့ဝင် | ဒေါ်အုန်းစန်း | |

# ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)

လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | ၀၉.250740690 | [illegible] |

| | | |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြပ်ကလေး ကျေးရွာ အလယ်ရွာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၄ | ဘာသာ (၁) ဗုဒ္ဓ | ၃၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | | ၁ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၇၆ | ၇၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၁ | ၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) တသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
(ကျောက်ခင်းလမ်း) မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------

မိုးရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ - [illegible]

လူထုဝပ်ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ပိုပြုစီမံကိန်းမဝင်ခင်ဩ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ၊ [illegible]

(၂) [illegible]

ကျေးရွာခေါင်းဆောင် — အမည် ဦးဝင်းလှိုင်

လက်မှတ် [signature] နေ့စွဲ 12.12.2016

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 12.12.2016

## ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )

လ●ဝပို့ပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂●.၂၀၁၆

**ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင်နိုင်ဌေး

နေ့စွဲ ၁၂.၁၂.၂၀၁၆

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | မကွေး | မြို့နယ် | ကံ့ဘဲ | ကျေးရွာအုပ်စု | ကျက်စလေး | ကျေးရွာ | အလယ်ရွာ |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း ဖိတ်ဆက်အစည်းအဝေး | ၁၀.၀၂.၁၆ | ၁၁.၁၂.၁၆ | ၁၈ | ၁၈ | ၃၆ | ဗမာ-၃၆ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၂.၁၂.၁၆ | ၁၂.၁၂.၁၆ | ၁၈ | ၁၅ | ၃၃ | ဗမာ-၃၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၈.၁၂.၁၆<br>၃.၁.၁၇ | ၂၈.၁၂.၁၆<br>၃.၁.၁၇ | ၄ | ၃ | ၇ | ဗမာ-၇ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ~~19.2.17~~ | ~~19.3.17~~ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 19.2.17 | 19.3.17 | 18 | 18 | 36 | ဗမာ-36 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 2.3.17 | 2.3.17 | ၁၀ | 13 | 23 | ဗမာ 23 |

လု ဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉ .၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၁၀ | ၁၃ | ၂၃ | မှာ | 23 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၁၀ | ၁၃ | ၂၃ | မှာ | ၂၃ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂.၃.၁၇ | ၂.၃.၁၇ | ၁၀ | ၁၃ | ၂၃ | မှာ | ၂၃ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၂၀.၃.၁၇ | ၂၀.၃.၁၇ | ၁၂ | ၁၁ | ၂၃ | မှာ | ၂၃ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၈.၄.၁၇ | ၈.၄.၁၇ | ၁၁ | ၁၁ | ၂၂ | မှာ | ၂၂ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၈.၄.၁၇ | ၂၈.၄.၁၇ | ၁၀ | ၁၃ | ၂၃ | မှာ | ၂၃ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၉.၄.၁၇ | ၂၉.၄.၁၇ | ၄၀ | ၄၆ | ၈၆ | မှာ | ၄၆ |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်( PC-3 )

လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင့်ရှိမြေ |
| နေ့စွဲ ၁၂.၁၂.၂၀၁၆ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ကြပ်ကလေး — ကျေးရွာ အလယ်ရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လိုအပ် | ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းရမည်။ |
| ၂ | ဆေးပေးခန်း လိုအပ် | ၂ | စာကြည့်တိုက် ရှိရမည်။ |
| ၃ | ဆက်သွယ်ရေးလမ်းများ ကောင်းရမည် | ၃ | ဆေးပေးခန်း ရှိရမည်။ |
| ၄ | အစည်းအဝေးခန်းမ ရှိရမည်။ | ၄ | ရွာတွင် စာသင်ကျောင်း ရှိရမည်။ |
| ၅ | စက်မှုလက်မှုလုပ်ငန်းများ ရှိရမည် | ၅ | ရွာတွင် ဈေးတန်းလေး ရှိရမည်။ |
| ၆ | လယ်ယာသုံး စက်ကိရိယာ လုံလောက်ရေး | ၆ | စက်မှုလယ်ယာ ထွန်းကားရမည်။ |
| ၇ | စာကြည့်တိုက် ရှိရမည်။ | ၇ | အိမ်ယာမြေများ ပြည့်စုံရမည်။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း | ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၂ | အလုပ်အကိုင် ရှားပါးခြင်း | ၂ | အလုပ်အကိုင် ရှားပါးခြင်း |
| ၃ | ပညာတတ် နည်းပါးခြင်း | ၃ | ပညာတတ် နည်းပါးခြင်း |
| ၄ | ကျန်းမာရေး အထောက်အကူ မရှိခြင်း | ၄ | ကျန်းမာရေး အတွက် ခက်ခဲခြင်း |
| ၅ | ရာသီဥတုဖောက်ပြန်၍ သီးနှံထွက်နည်းခြင်း | ၅ | ရာသီဥတု ဖောက်ပြန်၍ သီးနှံထွက်နည်းခြင်း |
| ၆ | မြေနေရာ အခက်အခဲ | ၆ | ဝင်ငွေ နည်းပါးခြင်း |
| ၇ | | ၇ | |

လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းချောင်းကျောက်လမ်း | ကျား + မ | | ၁၅၄ ဦး |
| ၂ | ရွာချင်းဆက်ချောင်းကျောက်လမ်း | ကျား | | ၄၃၃ ဦး |
| ၃ | ဆိုလာမီး / အင်ဂျင်မီး | မ | | ၁၅၄ ဦး |
| ၄ | မြေထိန်းနံရံ | ကျား | | ၁၅၄ ဦး |
| ၅ | အစည်းအဝေးခန်းမ | မ | | ၁၅၄ ဦး |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်ဆေးပေးခန်း ချထားပေးရန် | ကျား + မ | |
| ၂ | စိုက်ပျိုး / မွေးမြူရေး အတွက် ချေးငွေ | ကျား | |
| ၃ | အိမ်ယာမြေ ချပေးရန် | မ | |
| ၄ | ဝက်မွေးမြူရေး | မ | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ------------ လက်မှတ် ------------ နေ့စွဲ ၁၂.၁၂.၂၀၁၆

## ၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း( PC-4 )




ပုံစံPC-၄ကျေးရွာ . . . . . စွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုရည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားဖြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ကို ဇော် နိုင်ဝေ | |
| နေ့စွဲ 3.1.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) |
| ပြည်နယ်/တိုင်း- ရှမ်း(တောင်) / မြို့နယ်- ဖြိုင်ဆင် | ကျေးရွာအုပ်စု ကြပ်ကလေး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အထိုဖြတ်ပြုသူ | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ကျေးငွေ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကြပ်ကလေး | ရေတွင်း၊ ရေ ရေစက်+ဝက်ရုံ ရေပိုက်သွယ် | | ၃၇၉ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၆၄၀၀၀၀၀/- | | | ၆၄၀၀၀၀၀/- |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| ရှမ်းတောကြီး | ရွာတွင်းကျောက် လမ်း | | ၃၇၅ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☑အမျိုးသား | | | | |



# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**(ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - အလယ်ရွာ** ` **ရက်စွဲ- ၁၁/၁၂/၂၀၁၆**

**အလယ်ရွာ**၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (11/12/2016)ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဉစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှုး**

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - အလယ်ရွာ** **ရက်စွဲ - ၁၂/၁၂/၂၀၁၆**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (12/12/2016)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၄င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၄င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကြပ်ကလေးအုပ်စု၊ အလယ်ရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | ရွာတွင်း ချောင်းကျောက်လမ်း | ကျား / မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၂။ | ရွာဦးဆက် ချောင်းကျောက်လမ်း | ကျား | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၃။ | အစည်းအဝေးခန်းမ | မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၄။ | မြေထိန်းနံရံ | ကျား | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၅။ | စိုက်ပျိုး၊ မွေးမြူရေး အတွက် ချေးငွေ | ကျား / မ | | | |
| | ၆။ | ဝက်မွေးမြူရေး | မ | | | မွေးမြူရေး |
| ကျန်းမာရေးနှင့်ပညာရေး | ၇။ | ကျေးလက်ဆေးပေးခန်း | ကျား / မ | | | ကျန်းမာရေးဌာန |
| [illegible] | | | | | | |
| အခြား | ၈။ | ဆိုလာမီး / အင်ဂျင်မီး | မ | 2017 | ကျေးရွာလူထု | လူထုဗဟိုပြု |
| | ၉။ | မိမိယာမြေများ ချပေးရန် | မ | | | |